





ဘာသာပြန် စာရေးဆရာ – Action Shap

# ကိုးဘုတ်အင်မော်တယ်

(ရုဗအနို)

(Chapter 1651-1665)

စာစဉ် – ၁၁၀

# Chapter 1651
# ထင်မထားသည့် လက်နက်

ဇူအန်က ရုတ်တရက် ရှက်သွားသလို အသံနှင့် ပြန်ပြောသေးသည်။

"ကျွန်တော်က ဘယ်လိုလက်ခံနိုင်မှာလဲ.. ဒါပေမယ့်... မကြီးဟန်က ဆန္ဒရှိတယ်ဆိုရင်တော့... ဒီကိစ္စကို ကျွန်တော် မဆန့်ကျင်ပါဘူး..."

ယန်ရှွယ်ဟန်ခမျာ ဘာမှ ပြန်မပြောနိုင်သည်အထိ ဆွံ့အသွားမိလေသည်။ အခုလောက်အထိ အရှက်မဲ့လွန်းသော ဇူအန်ကြောင့် သူမ ရယ်ချင်စိတ်တောင် ဖြစ်မိသည်။ ဒင်းပါးစပ်က အခုလိုစကားမျိုး ထွက်လာလိမ့်မည်ဟု သူမ မမျှော်လင့်ထားခဲ့ချေ။

ယန်ရှွယ်ဟန်ထံမှ အမျက်ပွိုင့် +၄၄၄ +၄၄၄ +၄၄၄...

သူမသက်ပြင်းတစ်ချက်ရှိုက်ကာ ခံစားချက်မဲ့အခြေအနေကို ထိန်းသိမ်း

ထားရန်နှင့် ဒေါသမထွက်သင့်ကြောင်း ကိုယ့်ကိုယ်ကို သတိပေးလိုက်သည်။ ထို့နောက်တွင်တော့ ရုတ်တရက် ချိုသာစွာပြုံးပြကာ မေးလိုက်ပါသည်။

"ချူယန်နဲ့ ငါ့ရဲ့ ဆက်ဆံရေးကြောင့် အဲ့လို လုံးဝဖြစ်နိုင်မှာ မဟုတ်ဘူး... ငါနင့်ကို နောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်... ငါတို့နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးရမယ်ဆိုရင်...ဘယ်သူ့ကို ရွေးမှာလဲ..."

စိတ်ထဲတွင်လည်း ဖူအန်က သူမကိုသာရွေးလျှင် သာသည့်ဘက်သို့ ပြောင်းတတ်သူဖြစ်ကြောင်း အဓိပ္ပာယ်ရလိမ့်မည်၊ ထိုအခါ ချူယန် အမုန်းခံရလျှင်တောင်မှ ချူယန်နှင့်သူ့အကြားဆက်ဆံရေးကို ဖျက်ပစ်ရမည်ဟု တွေးလိုက်မိသည်။ ဤကြောကူလီကို ချူယန်အား ဆက်လုပ်စားခွင့်ပေးလို့မဖြစ်ပါချေ။

ချူယန်ကိုသာ သူရွေးလျှင်တော့... ချူယန်ကိုသာရွေးလျှင်တော့ ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စဖြစ်ပါသည်။ သူမအနေနှင့် သူတို့နှစ်ဦးကို ဂုဏ်ပြုပေးလိုက်မည်၊ သူမနှလုံးသားကလည်း ယခင်ကလိုပင် လုံးဝဥဿုံ ပြန်လည်တည်ငြိမ်သွားပါလိမ့်မည်။

သူမ၏ သန့်စင်၍ နှင်းတမျှဖြူဆွတ်သော အသွင်အပြင်ကို ငေးကြည့်နေရင်း ဇူအန် ရုတ်တရက် မေးလိုက်သည်။

"မကြီးကိုသာရွေးရင် ကျွန်တော်နဲ့ ချစ်သူလုပ်မှာလား...."

"ဒါပေါ့..."

ယန်ရှယ်ဟန်ဖြေကြားလိုက်သည့်တိုင် သူမနှလုံးသား တဖြည်းဖြည်း အေးခဲလာပါသည်။ ဟင်း... ဒင်းလေးက အသစ်တွေ့သည်နှင့် အဟောင်းကို မေ့တတ်သည့် လူ့အမှိုက်ဖြစ်သည်။ တခြားမိန်းမတစ်ယောက်နှင့် တွေ့စဉ် တွေ့ချင်းလည်း မိန်းမအကြိုက်စကားမျိုး ပြောပါလိမ့်မည်။

ခဏမျှ သူမကို ငေးကြည့်နေရင်း ဇူအန်ပြောလိုက်၏။

"ကလေးတစ်ယောက်ကပဲ တစ်ယောက်ထဲရွေးလိမ့်မယ်... လူကြီးဆိုတာမျိုးက.. အကုန်လိုချင်တာ..."

ယန်ရှယ်ဟန်၏ မျက်လုံးများ ဝိုင်းစက်သွားတော့သည်။ အခုလောက် အရှက်မဲ့သည့် စကားမျိုးကို ဖြောင့်မတ်သလိုပုံမျိုးနှင့် ဖူအန်ပြောလာလိမ့်မည်ဟု သူမ ထင်မထားခဲ့ပါချေ။

"ငါ့မျက်စိရှေ့က ထွက်သွားစမ်း..."

ဒေါသဖြင့် ကြိမ်းမောင်းကာ သူမ ထွက်လာခဲ့သော်လည်း စိတ်ထဲတွင်တော့ ဘာကြောင့်မှန်းမသိ သက်ပြင်းချမိလိုက်သေးသည်။

အေးစက်သောအမူအရာဖြင့် သူမ ထထွက်သွားသည်ကို မြင်သည့်အခါ ဖူအန်လည်း ဒီတစ်ခေါက်တော့ ရန်ဆွပေးမိတာ လွန်သွားပြီမှန်း နားလည်လိုက်ပါ၏။ ဟူး... သူကလည်း စိတ်မပါသည့် စကားမျိုးကို မပြောနိုင်သည့်သူဖြစ်သည်။ အခုလောက် ဒေါသထွက်သွားလိမ့်မည်မှန်း သိပါလျှင် သူမ စိတ်ချမ်းသာအောင် သူမကိုပဲ ရွေးပါမည်ဟု ပြောခဲ့ပါဦးမည်။

...

အချိန်က မြန်ဆန်စွာ ကုန်ဆုံးသွားပြီးနောက် အကြိုဖိုလ်လုပွဲများ ရောက်ရှိလာလေသည်။

အကဲဖြတ်ဒိုင်လူကြီး တစ်ယောက်ပြီးတစ်ယောက် ထိုင်ချလိုက်ကြသည်။ လွန်ခဲ့သည့်ရက်အနည်းငယ်ကို အတူဖြတ်သန်းခဲ့သဖြင့် မရင်းနှီးခဲ့လျှင်တောင် တစ်ယောက်အကြောင်းတစ်ယောက် သိထားကြပါသည်။ အချင်းချင်း ပြုံးပြ ခေါင်းငြိမ့်၍ သူတို့နှုတ်ဆက်လိုက်ကြသည်။

ကောင်းကင်သောကမှ ကွမ်ချောင်ဟိုင် ရုတ်တရက် ချောင်းဟန့်ကာ မေးလိုက်လေသည်။

"ပထမပွဲမှာ နိုင်ဖို့အခွင့်အရေး ဘယ်သူပိုများမယ်လို့ ထင်ကြလဲ..."

ယခင်က ကျိုယင်၏ ရှုံးနိမ့်မှုကြောင့် သူမျက်နှာပျက်ခဲ့ရသော်လည်း လွန်ခဲ့သည့်ရက်ပိုင်းအတွင်း အဖြစ်အပျက်များကြောင့်ကော၊ အထူးသဖြင့် အံ့အားသင့်စရာ ရှုံးပွဲကြီးများ ထပ်ရှိခဲ့သည်ကြောင့်ကော သူ့စိတ်အခြေအနေ တဖြည်းဖြည်း ကောင်းမွန်လာပါသည်။

ဝမ်တုံရှန်က တစ်ချက်မှုရယ်ကာ ပြန်ဖြေသည်။

"ဝူရှောင်ဖန်ပေါ့ဗျာ... သူက လျိုဖူတောင်ရဲ့ ကိုယ်စားပြုတပည့် လောင်တုံးကျန်းကို အလွယ်တကူ နိုင်နိုင်ခဲ့ပြီး ဝမ်ကွေ့ယီကတော့ သန့်စင်မှု

ကျောင်းတော် ချိုးချန်ဇီကို မနည်းတိုက်ခဲ့ရတယ်မလား.."

လျိုဖူတောင်၏ ရှုအကြီးအကဲနှင့် သန့်စင်မှုကျောင်းတော်၏ လက်ထောက်ကျောင်းတော်သခင်တို့ သူ့အား ဒေါသတကြီးကြည့်မိကြသည်။ ထိုအကြောင်း သတိပြန်ပေးလို့ ကျေးဇူးပါဟု သူတို့ အရွဲ့တိုက် တွေး မိပါသေး၏။

ဇူအန်လည်း ဝမ်တုံရှန်ဆိုသူ ဘဲကြီး၏ ဆက်ဆံရေးစကေးက နိမ့်လှသည် ဟု စိတ်ထဲတွေးနေမိသည်။ သူနှင့် ဟွာလင်းအကြီးအကဲတို့ ခံစားချက်ရှိပါသော်လည်း အမုန်းနှင့်အဆုံးသတ်ခဲ့ရသည်မှာ အံ့သြစရာမကောင်းတော့ချေ။

ဝမ်ဝူရှုံ့ကလည်း ရယ်ကျဲကျဲနှင့် ဆိုပြန်သည်။

"ညီနောင်ဝမ်ကတော့ စကားရင့်လွန်းပါတယ်ဗျာ.. ရှောင်ဖန် အဲ့ပွဲတုန်းက ကံကောင်းသွားတာပါ.. တူလေးလောင်က အားမနည်းပေမယ့်လည်း သူတို့ နှစ်ယောက်ရဲ့ တိုက်ခိုက်ဟန်က မကိုက်ညီပုံပဲဗျာ... ဒီတော့ တူလေးလောင်လည်း ခွန်အားကုန်ထုတ်မသုံးနိုင်ခဲ့ဘူးထင်ပါတယ်... သန့်စင်မှုကျောင်း

တော်က ချိုးချန်ဇီကြတော့ ဆောင်းပုစဉ်းရင်ကွဲအော်သံက ကျုပ်တို့ အကဲဖြတ်တွေတောင် အထင်ကြီးရတဲ့ သိုင်းကွက်မဟုတ်လား... သူနဲ့ သက်တူရွယ်တူတွေထဲ သူ့ကိုအနိုင်ယူနိုင်မယ့်လူကလည်း နဂိုကတည်းက ရှားတယ်လေ... တူလေးဝမ် နိုင်ခဲ့တယ်ဆိုကတည်းကိုက သူ့ဓားဆန္ဒက သူ့နှလုံးသားရဲ့ ဆန္ဒ အနောက်လိုက်နိုင်တဲ့ အဆင့်အထိ ရောက်ခဲ့ပြီဖြစ်မှန်း ထင်ရှားနေပြီ... ဒါကြောင့် ဒီပြိုင်ပွဲမှာလည်း သူအနိုင်ယူနိုင်မယ့် အခွင့်အရေးများတယ်ဗျာ.."

ရှုအကြီးအကဲနှင့် သန့်စင်မှုကျောင်းတော်၏ လက်ထောက်ကျောင်းတော်သခင်တို့၏ မျက်နှာများ ပိုကြည့်ကောင်းသွားပါသည်။ ဝမ်ဂူရှဲ့ထံမှ အသိအမှတ်ပြုမှုရရှိလိုက်သဖြင့် သူတို့အားလုံး စိတ်ကျေနပ်သွားသည်။ ဝမ်တုံရှန်သည်တောင် မျက်နှာကြီးဖြီးထားလို့နေ၏။ ဤ ဝန်လူကြီးမင်းက ရပ်လည်းခန့်သလို စကားပြောလည်းချိုပြီး ရင်းနှီးဖို့ ထိုက်တန်သည့် လူမျိုးဖြစ်ပါသည်။

ထိုစဉ် ဇူအန်ကတော့ မျက်နှာပေး ထူးဆန်းနေသည်။ အတိတ်ကမ္ဘာတုန်းက စာမေးပွဲဖြေကြရတော့မည်ဆိုတိုင်း ကျောင်းသားများ အချင်းချင်း မြှောက်ပင့်အားပေးတတ်ပုံကို သတိရလိုက်သည်။ ဤကမ္ဘာမှလူများကလည်း အခုလို ဖြေသိမ့်တတ်သူများဖြစ်လိမ့်မည်ဟု သူမထင်ထားမိချေ။

...

ပြိုင်ပွဲအား ဧည့်ခံကျင်းပသော နေမင်းဖြူဂိုဏ်း၏ အကြီးအကဲက ပြိုင်ပွဲ တရားဝင်စတင်ကြောင်း ကြေညာလိုက်သည်။ ဝမ်ကျွေ့ယီနှင့် ဂူရှောင်ဖန်တို့ ကတော့ စင်မြင့်တစ်ဖက်တစ်ချက်တွင် မတ်တပ်ရပ်ပြီးသားဖြစ်သည်။ သူ တို့နှစ်ယောက် မျက်လုံးချင်းဆုံသည့်အခါ သူတို့အနားက လေထုသည် တောင် ရပ်တန့်သွားသလို ခံစားရလေသည်။

နေမင်းဖြူဂိုဏ်းနှင့် ကျောက်စိမ်းနန်းတော်မှတပည့်များကလွဲလျှင် ကျန်ပွဲ ကြည့်သူများ ဘက်နှစ်ဖက်ကွဲသွားကြောင်း ထင်ရှားလှသည်။

တစ်ဘက်ကတော့ ဂူရှောင်ဖန်ကို အားပေးကြသည်။ ဂူရှောင်ဖန်က ဂိုဏ် သတင်း အကျော်စောဆုံးသူဖြစ်သလို ကျန်လူများကိုလည်း နွေးထွေးလေး စားစွာ ဆက်ဆံတတ်သဖြင့် မနှစ်သက်ရန် ခက်ခဲပါသည်။

သို့ပေမယ့်လည်း ကြီးမားသည့် လူအုပ်စုတစ်စုက ဝမ်ကျွေ့ယီကို အားပေး ကြပြီး ထိုအထဲတွင် အမျိုးသမီးကျင့်ကြံသူတို့ကတောင် ပိုများပါသေးသည်။ ဝမ်ကျွေ့ယီတွင် ‘လေဖင်ခေါင်းရောဂါ’ ရှိနေပြီး မောက်မာထောင်လွှားပါ သော်လည်း ရုပ်ကချောနေသေးသည်။ ရုပ်အခံလေးကြောင့် သူ့၏ ပုံစံနှင့် မောက်မာမှုကလည်း ထူးခြားစွာ ညှို့ငင်အားကောင်းနေလေသည်။

ဂူရှောင်ဖန်က လက်ဗလာနှင့်ဖြစ်ကြောင်း ဝမ်ကွေ့ယီတွေ့လိုက်သဖြင့် မျက်ခုံးကြုံ့ကာ မေးလိုက်ပါ၏။

"မင်း ငါ့ကိုလက်နက်ကိုင်ပြီး မတိုက်ဘူးလား..."

တစ်ချိန်တည်မှာပင် ဂူရှောင်ဖန်၏ ခွန်အားအစစ်အမှန်ကို နည်းနည်းကလေးမျှ မဖော်ထုတ်နိုင်ခဲ့သည့် လောင်တုံးကျန်းကို သူကျိန်ဆဲနေမိ၏။ ရန်သူ မည်သို့သော လက်နက်မျိုး သုံးမှန်းတောင် ဝမ်ကွေ့ယီ မသိဘူးဖြစ်နေသည်။

ဂူရှောင်ဖန်ကတော့ ညင်သာသော အမူအရာနှင့် ပြန်ပြောသည်။

"ကျွန်တော့်ရဲ့ စွမ်းရည်တွေအကုန်လုံးက ဒီလက်နှစ်ဖက်ထဲမှာ ရှိပါတယ်.. လက်နက်ရှိမရှိ ဘာကွာခြားချက်မှ မဖြစ်သွားပါဘူး..."

ဝမ်ကွေ့ယီ ဟွန့်ခနဲ နှာတစ်ချက်မှုတ်လိုက်သော်လည်း ဘာမျှ ထပ်မပြောတော့ချေ။ သူ့လက်ညှိုးဖြင့် ဓားရှိရာသို့ လက်တစ်ဖျောက်တီးလိုက်သည့်အခါ ဓားက ဓားအိမ်ထဲမှ မြန်မြန်ဆန်ဆန် ထွက်သွားပြီး စင်မြင့်ပေါ်တွင် လျှပ်စီးတစ်ချက် လက်သွားသလိုပင်။

တပည့်အများစုတို့က ဝမ်ကွေ့ယီဓားဆွဲထုတ်သည်ကို ထင်ထင်ရှားရှား မတွေ့ဖူးကြသဖြင့် ရွှေတောင်ထိပ်တစ်လျှောက် လေထုထဲ သက်ပြင်းရှိုက်သံများ ပြည့်နှက်သွားတော့သည်။

ချိုးချန်ဇီလည်း ရုတ်တရက် ခုန်ထလိုက်သည်။ ဝမ်ကွေ့ယီ၏ ဓားက သူတို့ရင်ဆိုင်ခဲ့စဉ်ကထပ် အနည်းငယ်မျှ ပိုမြန်ဆန်နေကြောင်း သူ သတိထားမိလိုက်ပါသည်။ ဝမ်ကွေ့ယီက သူနှင့်တိုက်ပွဲတွင် ခွန်အားကို ချုပ်တည်းထားခဲ့သေးပြီး ဂူရှောင်ဖန်နှင့် တွေ့သည့်အခါမှ အကုန်ထုတ်သုံးခြင်းဖြစ်လေသည်။ ထိုအကြောင်းတွေးမိသည့်အခါ ရုတ်တရက်ကြီး သူစိတ်ဓာတ်ကျမိတော့သည်။ စိတ်မထိန်းနိုင်ဘဲ ခေါင်းကို ကုတ်မိသည့်အခါ ချိုးချိန်ဇီ၏ ဆံပင်များလည်း ငှက်သိုက်ကဲ့သို့ ရှုပ်ပွသွား၏။

ယန်ကျန်းယွဲ့က သက်ပြင်းချလိုက်ရင်း

"ဒီဝမ်ကောင်လေးရဲ့ ဓားက သိပ်မဆိုးဘူးပဲ… သူ့ကိုသာ အချိန်ဆယ်နှစ်လောက်ပေးလိုက်ရင် သူက ကျိန်းသေပေါက် ငါတို့ဂိုဏ်းအတွက် ရန်သူကြီးဖြစ်လာလိမ့်မယ်…"

ရှို့ဟုန်လေ ထိတ်လန့်တကြားနှင့် မေးလိုက်သည်။

"ဆရာမ သူ့ကိုရှင်းပစ်ဖို့ တွေးနေတာတော့ မဟုတ်ဘူးမလား..."

တာအိုကျင့်ကြံသူများ နေရာတိုင်းတွင်ရှိနေသည်ဖြစ်ရာ ဝမ်ကွေ့ယီကဲ့သို့ အရေးပါသည့် တပည့်တစ်ဦးအား သူမတို့ ဦးတည်တိုက်ခိုက်ခဲ့ပါလျှင် နတ်ဆိုး ဂိုဏ်းမှဖြစ်ကြောင်း အလွယ်တကူ ပေါ်သွားနိုင်၏။

ယန်ကျန်းယွဲ့ ပြန်ပြောလိုက်သည်။

"ဘာတွေတွေးနေတာလဲ.. နင့်ဆရာမက ဂျူနီယာတွေကို အနိုင်ကျင့်တတ်တဲ့သူမှ မဟုတ်တာ... ဒါက နင်တို့တွေကြားကတိုက်ပွဲ.. ငါလုံးဝ ဝင်မပါဘူး..."

ဆရာမက နတ်ဆိုးဂိုဏ်းမှဖြစ်သော်လည်း အမြဲတမ်း သိက္ခာမာနနှင့် လူလုပ်ခဲ့သူဖြစ်ကြောင်း ရှို့ဟုန်လေ သတိရပါသည်။ ထို့ကြောင့် ယုတ်ပဲ့သည့်ကိစ္စမျိုးအား ကိုယ့်သိက္ခာကိုယ်နှိမ့်ချပြီး လုပ်လိမ့်မည်မဟုတ်ချေ။ တစ်နည်းအားဖြင့် သူမက လမ်းမှန်ဂိုဏ်းသားများထပ်ပင် ပိုမိုဖြောင့်မှန်သူဖြစ်လေသည်။

ထိုစဉ် တိုက်ပွဲမြေပြင်မှ အားပြင်းသည့် ချီလှိုင်းများ ထွက်ပေါ်လာပါသည်။ ဂူရှောင်ဖန်ကတော့ တပည့်အများစုနှင့်ခြားနားစွာပဲ ဝမ်ကွေ့ယီ၏ ဓားဆွဲသိုင်းကွက်ကိုမြင်ခဲ့ဖူးသည်။ အခုတစ်ကြိမ်တွင်တော့ သူအံ့အားသင့်ရသည်အထိ ပိုမိုမြန်ဆန်နေသော်လည်း ဂူရှောင်ဖန် အလန့်တကြားမဖြစ်မိချေ။ သူလက်ဝါးတစ်ဖက် ရှေ့ထုတ်လိုက်ပြီး လက်ဝါးမှ ထွက်ပေါ်လာသည့် လေလှိုင်းနှင့် ဓားစွမ်းအင်တို့ တိုးဝင်တိုက်ခတ်သွားကာ အားကောင်းသည့် ဂယက်လှိုင်းတစ်ခု ဖြစ်တည်သွားပါ၏။ မာကျောသည့် စင်မြင့်မျက်နှာပြင်သည်လည်း အက်ကွဲစပြုလာပြီး လေပြင်းထဲ အပိုင်းအစများလွင့်ပျံ့ကာ နေရာတိုင်းသို့ သဲမှုန့်နှင့် ကျောက်တုံးကျောက်စများ ပျံ့နှံ့သွားသည်။

နှလုံးဂရုပြုတောင်ထိပ်၏ တောင်ထိပ်သခင် ဖုန်းဝူချန် မျက်ခုံးလှုပ်မိတော့သည်။ စင်မြင့်ပြင်ဆင်ရေးအတွက် တာဝန်ယူထားရသူက ဖုန်းဝူချန်ဖြစ်ပါသည်။ စင်မြင့်များကို အဖိုးအတန်ဆုံးသော ကျောက်တုံးကုန်ကြမ်းများဖြင့်သာ ပြုလုပ်ထားခြင်းဖြစ်ပြီး ကာကွယ်ခုခံရေးအစီအရင်များနှင့်ပါ မန်းမှုတ်ထားပါသေးသည်။ သို့ပေမယ့်လည်း ဤမကောင်းဆိုးဝါးလေးများက တစ်ခါတစ်ခါတိုက်တိုင်း ပိုပို ကြမ်းရမ်းပြနေပြီး တစ်ကြိမ်လျှင် စင်မြင့်တစ်ခုစီ ဖျက်စီးပစ်နေ၏။

ပိုက်ဆံကို အလကားကုန်အောင် ဖြုန်းတီးနေကြသည့် သောက်ကလေးများဖြစ်ပါသည်။ နိုင်ငံ့တော်ဆရာသခင်က ဤကိစ္စကို စီစဉ်ရသူမဟုတ်သဖြင့် ဂရုမိစိုက်လိမ့်မည်မဟုတ်ချေ။ သူကသာ ဤပြိုင်ပွဲကြောင့် သူတို့

ကုန်ကျခဲ့သည့် စရိတ်များအကြောင်း တွေးမတိုင်း ချုံးပွဲချ ငိုလိုက်ချင်မိသည်။

"ဟာ… ဝမ်ကွေ့ယီက အသာရနေတယ်…."

တပည့်များစွာတို့ အံ့အားသင့်သွားကြလေသည်။ ဂူရှောင်ဖန်နိုင်လိမ့်မည်ဟု လူအများစု ယူဆခဲ့ကြသော်လည်း ပြိုင်ဘက်ကို လေးလေးလံလံ ဖိအားပေးနေသူက ဝမ်ကွေ့ယီဖြစ်နေသည်။

ဝမ်ကွေ့ယီ၏ ခန္ဓာကိုယ်လည်း ပုံရိပ်များအဖြစ် ကျန်ရစ်ခဲ့ပြီး မြေပြင်နှင့်တစ်ချက်မျှမထိဘဲ ဂူရှောင်ဖန်၏ ဦးခေါင်းအပေါ်တွင် လည်ပတ်နေသည်။ ရေတွက်မရသော သူ့ပုံကွဲကိုယ်ပွါးများက ဂူရှောင်ဖန်အား မကြာခဏဆိုသလို တိုက်ခိုက်နေ၏။

ထိုအခိုက် ဂူရှောင်ဖန်ကတော့ သူ့ခေါင်းပေါ်သို့ အဆုံးမသတ်နိုင်သော လက်ဝါးချက်များကို ပို့လွှတ်လိုက်လေသည်။ လေထဲ၌ ကြောက်မက်ဖွယ်မုန်တိုင်းတစ်ခု ဖြစ်တည်လာကာ ဝမ်ကွေ့ယီ၏ တိုက်ချက်များကို ထပ်ခါထပ်ခါ ပျက်ပြယ်သွားစေသည်။

သို့သော်လည်း အတွေ့အကြုံရင့် ပွဲကြည့်သူများကတော့ ဂူရှောင်ဖန်၏ အခြေအနေသည် အလွန် အားနည်းကြောင်း သိနိုင်ပါ၏။ ခံစစ်ကိုသာ အမြဲတမ်းထိန်းထားပါလျှင် နောက်ဆုံးတော့ အမှားလုပ်မိမည် မဟုတ်ပါလား။ ပွဲစဉ်တစ်လျှောက်စလုံး ခုခံခြင်းနှင့်သာ အချိန်ကုန်ဆုံးသွားပြီး တိုက်ခိုက်ရန် အခွင့်အရေးတစ်ခုတောင်မှ မရခဲ့သဖြင့် သူသာ ဟာကွက်တစ်ခု ပြသမိပါလျှင် သူ့အတွက် ပြဿနာကြီးတစ်ခု အမြန် ဖြစ်ပေါ်လာနိုင်သည်။

ဟုတ်ပါသည်။ အဆုံးမဲ့ ဓားအရိပ်များအကြား တောက်ပသော ဓားထိပ်တစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး ဝမ်ကွေ့ယီ၏ ခန္ဓာကိုယ်အစစ် ရှေ့တိုးထွက်ကာ ဂူရှောင်ဖန်၏ နံရိုးများထံသို့ အံ့ဖွယ်ဓားချက်တစ်ခု ပို့လွှတ်လိုက်လေ၏။ အဆိုပါဓားချက်က ဂူရှောင်ဖန်အနားမှ ချီအလွှာကို မျက်စိဖြင့်မြင်နေရသည့် အရှိန်နှုန်းနှင့် မြန်ဆန်စွာ ခုတ်ဖြတ်နေပြီး နံရိုးရှိရာသို့ တိုးဝင်နေသည်။

သို့သော်လည်း ဂူရှောင်ဖန်က မြန်ဆန်စွာ တုံ့ပြန်လိုက်လေသည်။ ဓား၏ တစ်ဖက်တစ်ချက်သို့ လက်ဝါးဖြင့် သူရိုက်ကာ ဘေးဘက်သို့ လမ်းကြောင်းလွှဲလိုက်ပြီးနောက် လေပေါ်သို့ ခုန်တက်ရင်း နှစ်ဦးအကြားမှ အကွာအဝေးကို ပိုမိုကျယ်ပြန့်စေခဲ့သည်။

ဝမ်ကွေ့ယီက သူ့အနောက်မှ လိုက်မဖမ်းဘဲ ထို့အစား တစ်နေရာထဲတွင် ဓားကိုင်၍ ရပ်နေပြီး အေးစက်စွာ ပြောလိုက်သည်။

"မင်းလက်နက်သုံးဖို့ ငြင်းနေမယ်ဆိုရင် ငါ့ပြိုင်ဘက်ဖြစ်နိုင်မှာ မဟုတ်ဘူး..."

...

ရှို့ဟုန်လေ လှောင်သံလေးနှင့် မှတ်ချက်ပေးမိတော့သည်။

"ဆရာမ.. ဒီပြိုင်ပွဲဝင်နေတဲ့ တပည့်တွေအားလုံး ခေါင်းမကောင်းကြတဲ့ပုံပဲ... သူတို့မှာ အားသာချက်ရှိတာတောင် ဆက်မတိုက်ဘဲ ကြွားလုံးထုတ်နေကြတယ်.. ဒါ ခေါင်းမာတာ... အသုံးမကျတာပဲ..."

ယန်ကျန်းယွဲ့က ပြန်ပြောသည်။

"တခြားလူတွေဆိုရင်တော့ ဒီစကားမှန်လိမ့်မယ်... သူတို့က အခွင့်အရေးကို လက်လွှတ်မိလို့ ရလာဒ်အနေနဲ့ သေကြတာပဲ.. သေရတာလည်း ထိုက်တန်တယ်... ဒါပေမယ့် ဒီဝမ်ကွေ့ယီက ဓားအပေါ်သာ စိတ်နှစ်ထားတဲ့လူ... သူက အခွင့်ကောင်းယူပြီး အနိုင်ယူရတာမျိုးကို အထင်သေးတဲ့လူ... ဒါကြောင့်ပဲ သူ့ဓား အရမ်းစွမ်းတာ... ဒါကြောင့်ပဲ သူ့ရဲ့ အနာဂတ် အောင်မြင်မှုတွေ အဆုံးမရှိနိုင်မှာ... သူ့မှာလည်း ပြစ်ချက်တွေတော့ရှိ

သေးတာပေါ့.. သူသာ ငါတို့ဂိုဏ်းသား ရန်သူနဲ့တွေ့မယ်ဆိုရင်တော့ ပါရမီ အကုန်မပြသနိုင်ဘဲနဲ့ အသေစောသွားလိမ့်မယ်..."

...

စင်မြင့်ပေါ်တွင်တော့ ဂူရှောင်ဖန် သက်ပြင်းချကာ ဆိုသည်။

"အရင်တုန်းကတော့ ညီနောင်ဝမ် ဒဏ်ရာရထားလို့ ကျွန်တော်လည်း လက်နက်သုံးဖို့ မသင့်လျော်ဘူးလို့ ခံစားမိနေတာ... ဒါပေမယ့် ညီနောင်ဝမ်က အရမ်းအားကောင်းလိမ့်မယ်... ကျွန်တော့်ကိုတောင် အခွင့်မသာအောင် လုပ်နိုင်မယ်လို့ ထင်မထားမိဘူး..."

စကားပြောနေရင်းနှင့် လက်ဝါးနှစ်ဖက်ကို သူအောက်ချလိုက်ပြီးမှ ဖြည်းညှင်းစွာ ပြန်မြှောက်လိုက်၏။ သူ့ဝမ်းဗိုက်မှ ရွှေရောင်အလင်းတစ်ခု ပျံထွက်လာသည်။ အလင်းပျောက်ကွယ်သွားသည့်အခါ သူ့ရှေ့တွင် သွားကြားထိုးတံ တစ်ချောင်း ပျံဝဲနေပြီး ဝမ်ကွေ့ယီရှိရာသို့ ဦးတည်ချိန်ရွယ်ထားပါ၏။

အတည်ကြည်ဆုံးသော မျက်နှာအမူအရာနှင့် ဂူရှောင်ဖန် အသိပေးလိုက်

သည်။

"ကျွန်တော့်ဟာက အရမ်းကြီးတာမို့... တောင့်ခံနိုင်မှဖြစ်မယ်နော်..."

***